Burmese | မြန်မာ

# NDIS ကျင့်ဝတ်စည်းကမ်းများ

NDIS ဝန်ဆောင်မှုဌာနများနှင့် ဝန်ထမ်းများအားလုံးအတွက်

## မိမိအခွင့်အရေးများ၊ မိမိဆုံးဖြတ်ချက်များ

သင့်မှာ အခွင့်အရေးများ ရှိသည်။ ဝန်ဆောင်မှုဌာနများနှင့် ဝန်ထမ်းများသည် သင့်စကားကို နားထောင်ပြီး သင့်ရွေးချယ်မှုများကို အလေးထားရန် လိုအပ်ပါသည်။

## မိမိ၏ ကိုယ်ရေးကိုယ်တာကို အလေးထားပါ

ဝန်ဆောင်မှုဌာနများနှင့် ဝန်ထမ်းများသည် သင့်ကိုယ်ရေးကိုယ်တာအကြောင်း အလေးထားသင့်ပြီး သင့်အကြောင်းအချက်အလက်များကို သင်က ပြောနိုင်သည်ဟု မပြောပါက မမျှဝေသင့်ပါ။

## မိမိ၏ယုံကြည်မှုကို ရယူပါ

ဌာနများနှင့် ဝန်ထမ်းများသည် သင့်အား အမှန်အတိုင်း ပြောပြပြီး NDIS စည်းမျဉ်းများကို လိုက်နာသင့်သည်။

## မိမိအား မထိခိုက်စေဘဲ ပံ့ပိုးမှုကောင်းကောင်း ပေးပါ

ဌာနများနှင့် ဝန်ထမ်းများသည် ၎င်းတို့၏လုပ်ငန်းတာဝန်ကို ထိခိုက်မှုမဖြစ်စေဘဲ ကောင်းစွာလုပ်ဆောင်သင့်သည်။

## မဆိုင်းမတွ တုံ့ပြန်ပါ

ဌာနများနှင့် ဝန်ထမ်းများသည် မမှန်ကန်သော သို့မဟုတ် ထိခိုက်နိုင်သောအရာများကို မြင်ပါက အမြန်ဆုံး အရေးယူလုပ်ဆောင်သင့်သည်။

## မိမိကို မတရားလုပ်ခြင်းနှင့် လျစ်လျူရှုခြင်းမှ ကင်းဝေးပါစေ

ဌာနများနှင့် ဝန်ထမ်းများအား သင့်ကို ထိခိုက်နစ်နာစေခြင်း ခွင့်မပြုပါ။ သူတို့သည် သင့်အား ထိခိုက်စေမှုမှ ကာကွယ်ပေးရမည်။ သူတို့သည် သင့်အား သို့မဟုတ် သင့်ရှေ့တွင် လိင်ပိုင်းဆိုင်ရာ မည်သည့်အရာကိုမျှ မလုပ်ရပါ။

Kin | Disability Advocacy for Diverse Communities

WAiS

Government of **Western Australia**
Department of **Communities**

**www.kinadvocacy.org.au**

ဤအရင်းအမြစ်ကို WA လူ့အသိုင်းအဝိုင်းများဌာန၊ မသန်စွမ်းဝန်ဆောင်မှုလုပ်ငန်းမှ ထောက်ပံ့ငွေဖြင့် ဖန်တီးခဲ့ပါသည်။ ဤအလုပ်တွင် မူပိုင်ခွင့်ရှိသည်။ မည်သည့်အပိုင်းကိုမှ ခွင့်ပြုချက်မရှိဘဲ ပြန်လည်ထုတ်ဝေခွင့်မရှိပါ။